

# အညာပင်လယ်

ညီပုလေး၊ မိချမ်းဝေ

အမှာ

# အညာပင်လယ်နှင့်ပတ်သတ်၍



မိုးဟိန်း (သားဂျာနယ်ကျော်)

ဝတ္ထုတိုလေးတစ်ပုဒ် စရေးကြည့်မယ်လို့ စိတ်ကူးရင်း သုံးနှစ်သုံးမိုးအတွင်း စိတ်ကူးနဲ့ပဲ အဲဒီ ဝတ္ထုလေးကို အမျိုးမျိုးကြံဆခြယ်သခဲ့ပါ။ ဒါပေမယ့် စိတ်ကူးစိတ်သန်းကနေ ကလောင် ဘက် မလှမ်းနိုင်ခဲ့ပါဘူး။ ပြောလိုတဲ့ အကြောင်းအရာက ကျွန်တော့်ပေပင်က ဝတ္ထုမသီးပေ မယ့် ဝတ္ထုမျိုးစေ့လေးတွေ အောင်းနေပါတယ်။

**အညာပင်လယ်နှင့် ပတ်သတ်၍ အမှာမှ**

**မိုးဟိန်း (သားဂျာနယ်ကျော်)**

*

ဦးစိုးမြင့် (ကိုဘိတ်ကြီး)ခင်ဗျား...

ညီပုလေးရဲ့ “ကမ္ဘာမြေမဟီတောင်ကွဲလောက်ပါရဲ့”ဝတ္ထုနဲ့မိချမ်းဝေရဲ့ “ညှံ့သက်ပြေလွင် လှိုင်ကလေးသင်” ဝတ္ထုတို့ကို ‘အညာပင်လယ်’ ခေါင်းစဉ်နှင့်ပေါင်းထုတ်မယ်၊ ကျွန်တော့်ကို အမှာစာရေးပေးပါလို့ ကိုဘိတ်ကြီးကတိုက်တွန်းခဲ့တယ်နော်၊ ဒါတွင်မက စာမောင်နှမသုံး ယောက်ရဲ့ လက်ရာအဖြစ် စုပေါင်းတင်ပြလိုကြောင်း ပြောပြီး ဓာတ်ပုံတောင် တောင်းလိုက်သေး။ အလာကြီးပါလားဗျာ။ တကယ်တော့ မူလစာရေးဆရာတွေရဲ့ ဖန်တီးမှုဟာ လက်ရာဖြစ် ပြီးသားပါ။ အဲဒီ အပေါ် နောက်တစ်ယောက်က လက်ရာအဖြစ် ထပ်ဆင့်ဖန်တီးဖို့ဆိုတာကောင်းမွန်ပြီးသားပန်းပုရုပ်ကို အရောင်တင် အဝတ်ဆင်ခိုင်းသလိုဖြစ်နေပြီ။ ကိုဘိတ်ကြီးရဲ့ စေတနာကိုတော့ ဆိုစရာမရှိပါ။

စာပေသားချင်းတွေ စုစည်းပြီး ခရီးအတူ နှင်ဖို့ပေ့ါ။ ဒါပေမယ့် အမှာကို လက်ရာဖြစ်လောက်အောင် တောင်းဆိုတာဟာ မများလွန်းဘူးလား။ နောက်ပြီး ကျွန်တော်က ကဗျာ၊ ဆောင်းပါး စာညွှန့်လေးတွေလောက်သာ ရေးခဲ့တာ။ ဝတ္ထုကို မတို့မထိရသေးပေါင်။ ထိုသူကိုမှ ဝတ္ထုအမှာ ရေးပေးပါဆိုတော့ ကိုဘိတ်ကြီးရေ၊ ဘာပဲဖြစ်ဖြစ် ကိုဘိတ်ကြီးရဲ့ ဆန္ဒကောင်း စေတနာကောင်းကို ကြိုဆိုရင်း တစ်မျိုးတစ်ဖုံ ကြိုးစားကြည့်မယ်လေလို့ ကျွန်တော့်စိတ်ထဲ ဖြစ်မိပါတယ်။ ဖြစ်လို့ပဲ အကြံတစ်ခု ပေးမိပါသေး။

'အညာပင်လယ်'လို့ ကြားလိုက်တော့ တစ်ခုခုဖြည့်ချင်သလို ကျွန်တော် ခံစာမိသည်။ အညာကမြေ၊ ပင်လယ်ကရေဆိုတော့ ဝေဟင် အကြောင်းထပ်ပေါင်း ထည့်နိုင်ရင် ရေမြေကောင်းကင် စုံလင်သွားမလားလို့။ ပတ်ဝန်းကျင်အခြေပြု ဝတ္ထု (ENVIRONMENTAL BASED NOVEL) ဖြစ်သွားမယ်။ ဒီအတွက် လေယာဉ်မှူး၊ လေယာဉ်မယ်တို့ရဲ့ဘဝကို သရုပ်ဖော်ထားတဲ့ ဝတ္ထုထည့်သွင်းဖြည့်စွက်လိုက်ပါလားလို့ ကျွန်တော်အကြံပြုခဲ့တယ်။ လက်ရှိ ဝတ္ထုကြာသွားမှာစိုးလို့ အဲဒီ အတွက် အမှာစာရေး ပေးဖို့ ကိုဘိတ်ကြီးကပြောတယ်။

တစ်ဆက်တည်းပါပဲ၊ အမှာစာဆိုလို့ အမှာစာကိစ္စနှစ်ခု ပြောပါရစေ။ ရာပြည့်ဦးစိုးညွန့်က ကျွန်တော့်မိခင် ဂျာနယ်ကျော်မမလေးရေးတဲ့ဝတ္ထုတွေကို 'ဘဝပုံရိပ်များ' ခေါင်းစဉ်နဲ့ ထုတ်ခဲ့စဉ်က အမှာစာတောင်းခဲ့ပါတယ်။ အမှာစာဆိုတာ မူလစာရေးဆရာရဲ့ ဆရာသမား၊ သို့မဟုတ် ရေးဖော်ရေးဖက် သို့မဟုတ် ဇာတ်လမ်းမှာ အဓိကပါဝင်သူ သို့မဟုတ် ဝေဖန်ရေး ဆရာကောင်းကောင်းတစ်ယောက်က ရေးသင့်တာမို့ ကျွန်တော်ရေးဖို့ မထိုက်တန်ကြောင်း ပြောခဲ့ပါတယ်။ ကိုရာပြည့်ကလည်း ကျွန်တော်ရေးဖို့သာပြောနေတော့-

'ကိုင်း အမှာစာတော့ မဟုတ်ဘူး၊ ဖြည့်ပြောစကားနဲ့ပဲ ရေးမယ်လို့စိတ်ကူးလိုက်ပါတယ်။ ဝတ္ထုတွေအကြောင်း ဘာမှမပြောပဲ အမေ့ရဲ့ ဘဝ

ဖြတ်သန်းမှုမှာ သားတစ်ယောက်အဖြစ် ပါဝင်ခဲ့ရတဲ့ အနေအထားက တစေ့တစောင်း မြင်ရတာ တွေကိုပဲ ပြန်ပြောင်ဖော်ခဲ့ပါတယ်။ အမှာစာမဟုတ် ဖြည့်ပြောစကားပါ။'

နောက်တစ်ခုက မောင်ဝံသရဲ့ 'သတင်းစာပညာ သဘောတရားနှင့်လက်တွေ့' စာအုပ် တုန်းကလည်း အမှာစာတောင်ပါတယ်။ ဘာသတင်းထောက်၊ ဘာအယ်ဒီတာမှ အလုပ်ဖူးခဲ့တဲ့ ကျွန်တော်လို သာမန်စာဖတ်သူ စာရေးသူတစ်ယောက်က စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ သတင်းစာအကြောင်းရေးဖို့ဆိုတာ စင်ပေါ်ကို ဆင်တော်တင်နိုင်အောင် ကြွက်ကောင်ကို ဆွဲခိုင်းသလိုပါပဲ။ မရမက တောင်းဆိုနေမှတော့ 'ဂျာနယ်လစ်ဇင်နှင့် ဂျေသုံးဂျေ' ခေါင်းစဉ်နဲ့ သတင်းစာပညာအကြောင်း အဟုတ်ဘဲ သတင်းစာ ဆရာသုံးဦးရဲ့ သဘောထားကိုသာ ဆိတ်စွမ်းမျှ ရေးခဲ့ပါတယ်။ အမှာစာမဟုတ်ကိုးကားစကာပါ။

အခု ကိုဘိတ်ကြီးက ဂတ္တုအတွက် အမှာစာတောင်းနေပြီ၊ စောစောက ပြောခဲ့သလို ကျွန်တော့်လက်က ကဗျာ ဆောင်းပါး စာညွှန့်ဘက်သာဖွဲ့လျက်နေတာ၊ အမှန်ဖြစ်ချင်တာက ဂတ္တုရေးဆရာ။ အဖတ်အများဆုံးကလည်း ဂတ္တု။ ငယ်ငယ်ကတည်းက ဂတ္တုစွဲခဲ့သူ။ အခုလည်း ဂတ္တုနဲ့လက်ပြတ်လှတယ်မရှိ။ ဂတ္တုရေးချယ်ချင်စိတ် ပြင်းပြခဲ့ပုံကို ပြောပြရရင်ဖြင့် လွန်ခဲ့တဲ့ အနှစ်(၄ဂ) လောက်တုန်းက အဖြစ်ကို ညွှန်းရပ့်မယ်။ ကျွန်တော် သုံးနှစ်နီးပါ ဘဂပညာသင်အဖြစ် သင်တန်းတက်ခဲ့တုန်းကပေ့ါ။ ဂတ္တုတိုလေးတစ်ပုဒ် စရေးကြည့်မယ်လို့ စိတ်ကူးရင်း သုံးနှစ်သုံးမိုးအတွင်း စိတ်ကူးနဲ့ပဲ အဲဒီ ဂတ္တုလေးကို အမျိုးမျိုးကြံဆခြယ်သခဲ့ပ့ါ။ ဒါပေမယ့် စိတ်ကူးစိတ်သန်းကနေ အလောင်ဘက် မလှမ်းနိုင်ခဲ့ပါဘူး။ ပြောလိုတဲ့ အကြောင်းအရာက ကျွန်တော့်ပေပင်က ဂတ္တုမသီးပေမယ့် ဂတ္တုမျိုးစေ့လေးတွေ အောင်းနေပါတယ်။ ၁၉၆၂-၆၃ နှစ်က ဖွင့်ခဲ့တဲ့ စာရေးဆရာများ စာပေကလပ်မှာ ဆရာဇော်ဂျီ၊ ဆရာမင်းသုဂဏ်၊

ဆရာမောင်ထင်တို့ရဲ့ စာပေပို့ချချက်တွေကို နားထောင်ခဲ့ရပါတယ်။ စာပေမြေသြဇာတွေလေ။ ဂတ္ထုဖတ်တဲ့အခါ ဆရာကြီးတွေရဲ့ ဟောပြောချက်တွေကို အမှတ်ရနေပြီး ဂတ္ထုကို ဖတ်ရှုခံစားသွားပါတယ်။ ရှိရင်း မျက်စိအပြင် မျက်မှန်အားကိုပါ ယူလိုက်သလိုပေ့ါ။ ကိုယ်ချည်းသက်သက်နဲ့တော့ အစွမ်းသာပါဘူး။ ဒီတော့ ကိုဘိတ်ကြီးရေ၊ ဆန္ဒလည်း ပြည့်ဝအောင်း၊ ကျွန်တော်လည်း ရေးဖြစ်အောင် ဂတ္ထုဖတ်အားနဲ့ ဂတ္ထုအမှတ်အသားတွေကို အားပြုပြီး ဒီတစ်ခါတော့ အမှာစာနဲ့တူအောင် ဆောင်ရွက်ကြည့်လိုက်မယ်လေ။

**မေတ္တာဖြင့်...**

*

## (၂)

ကိုဘိုခင်ဗျား...

ကိုဘို့ရဲ့ စာတွေကို စာဖတ်ပရိတ်သတ်တစ်ယောက်အနေနဲ့ ဖတ်နေရာက ဗြုန်းစား ဗြင်းစားကြီး မထင်မှတ်စွာ အမှာစာရေးဖို့ တောင်ခံလိုက်ရပါတယ်။ တောင်းသူက ဦးစိုးမြင့်(ကိုဘိုကြီး)။ အမှာစာရေးဖို့က ‘ကမ္ဘာမြေမဟီတောင် ကွဲလောက်ပါရဲ့’ ဂတ္ထုအတွက်။ ပြီးတော့ ညီပုလေး၊ မိချမ်းဝေ၊ မိုးဟိန်း (သားဂျာနယ်ကျော်) တို့ကို စာပေမောင်နှမ သုံးယောက်အဖြစ် ပွဲထုတ်မလို့တဲ့။ ဘယ့်နှယ်ရှိစ။ ကိုဘို့စာတွေရဲ့ ဆွဲခေါ်ရာဆီ သဘောခွေခွေ့နဲ့ စိမ်ပြေနှပြေလေး မျောပါသွားရာက ရေကြောင်းကိုပြန်ဆန်၊ ရေးငုပ်ပြီး ရေးစီးကိုပြန်စစ်ခိုင်းသလိုပါလား။ မြိန်မြိန်လေးစားနေရာက အမယ်တွေရဲ့ တစ်ခုချင်း အရာသာကို သုတေသန ခွဲခိုင်းသလိုပဲ။ အရှိန်ပျက်ပ့ါ။

ကိုဘိုရဲ့ 'ကမ္ဘာမြေ မဟီတောင် ကွဲလောက်ပါရဲ့' ဝတ္ထုကို ဖတ်ရိုးဖတ်စဉ်အတိုင်း မျှောဖတ်သွားပါတယ်။ ဝတ္ထုလည်းဆုံးရော၊ နားတွေအူ၊ မျက်စိကရှုပ်၊ ရင်ကလှုပ်နဲ့ ရုတ်တရက် ထိုင်ခုံကမထနိုင်သေး။ ဝတ္ထုရဲ့ အရှိန်(Motion) နဲ့ ဝတ္ထုရဲ့ သက်ရောက်အား (Impact)တို့က ဝတ္ထုဆုံးသွားသည့်တိုင် ဖတ်သူကို ( Vibrant Condition) တုန်ခါနေစေတုန်းပါပဲ။ ဒီ့အပြင်း ဇာတ်ကောင်နဲ့ ဇတ်ကွက်တွေရဲ့ ရုပ်ရတည်လှုပ်ရှားမှုတွေဟာ (Strong Flashbacks) ပြက်ပြက်ထင်ထင် ပြန်ပြီးဖော်ဆောင် မြင်ယောင်စေပြန်ပါတယ်။ ဒီဝတ္ထုရဲ့ (Flow) စီးဆင်းမှုဟာ အစမှာ သိုင်းသိုင်းဝိုင်းဝိုင်းနဲ့ ပြေပြေလေးသွားနေရာက ထိန်းမနိုင်သိမ်းမရ ဝုန်းဝုန်းဒိုင်းဒိုင်း ပေါက်ကွဲသွားတဲ့အဆင့်ဆီ ရောက်သွားပါ။ (Tempo) အရှိန်ကိုမြှင့်ရင်း (Climax) အထွတ်အထိပ်ဆီကို ပို့လိုက်တာလေ။ ဝတ္ထုတစ်ခုလုံးရဲ့ အသွင်အပြင်းကို ကျွန်တော့်အမြင်မှာတော့ (Churchill) ရဲ့ စာခေါင်းစဉ် တစ်ခုလို (The Gathering Strom) ချီလေတဲ့မုန်တိုင်းအဖြစ် မြင်မိပါတယ်။ မြင်ရုံမက စာလည်းဖတ်ပြီးရော၊ 'ကမ္ဘာမြေ မဟီတောင်ကွဲလောက်ပါရဲ့' မုန်တိုင်းဒဏ်ကို ထိုင်ရာကမထနိုင်အောင် ခံလိုက်ရပါတယ်။

စာဖတ်သူအနေအထားက အမှာစာရေးသူအဖြစ် ကိုဘိတ်ကြီးရဲ့ တွန်းပို့မှုကြောင့် ကိုဘိုစာကို လက်ဦးတုန်းကလို သာမန်စာဖတ်သူ (Simple Reader) အနေမဟုတ်တော့ပဲ အပိုမျက်လုံး 'စာမျက်မှန်' နဲ့အတိကပ်ပြီး ဖတ်ကြည့်သူ (Cautious Reader) အဖြစ် ပြန်ဖတ်ပါတယ်။ ဒီတော့မှ ကိုဘိုရေ၊ ဝတ္ထုရဲ့ လှပထူးခြားပြည့်စုံခြင်းတွေကို တွေ့တော့တာပဲ။ ခေါင်းစဉ်နဲ့လိုက်အောင် ကိုဘို့ကလောင်က ဆောင်သွားပါပေ့။

ပထမဆုံး ဝတ္ထုရဲ့ (Theme) အာဘော် ရည်မှန်းချက်ကို ကျွန်တော်ကြည့်ပါတယ်။ ဖြစ်တတ်တဲ့သဘာဝကနေ ဖြစ်သင့်တဲ့သဘာဝ၊ တစ်မျိုးပြောရရင် 'အရှိ' သဘာဝကနေ 'အသိ' သဘာဝဆီကို

ဦးတည်ပေးလိုက်တာပါပဲ။

ဇာတ်ကောင်အောင်ကျော်တင့်တို့ရဲ့ ‘အောင်နိုင်သူ’ အသံချဲ့စက် အလှူခံထွက်ရာမှာ ခရမ်းစင်ရွာကိုအရောက် ရွာခံ ‘ပြိုင်စံရှား’ အသံချဲ့စက်ရဲ့ တိုက်ခိုက်မှုကို ခံလိုက်ရသည်။ အသံချဲ့စက်သမားချင်း မစောင့်စည်းပဲ တမင်လုပ်လိုက်တာကြောင့် အောင်ကျော်တင့်စိတ်ထဲမှာ နေသေးသပ ချုံထဲက၊ ချိုးသွေးသပ တမြမြ၊ ထင်းခွေမကြို ရေခပ်တော့ ကြုံကြအုံးမှာပေ့ါလို့ ကိုဘို တိုက်ပွဲအစကို ဖော်ပြလိုက်ပါတယ်။ အနက်တံကို ရှုံ့လိုက်ပြီလေ။ ဒါ့ကြောင့် ပထမဆုံးအကြိမ် ဝတ္ထုအရှိန်တက်ပြီး လှုပ်ခါသွားတာ ဒီနေရာမှာပဲ။ တဘက်ကျော့ဘုရာပွဲမှာ (The Great War of Wordd) လို့ ဆိုရလောက်အောင် စကားစစ်ထိုးပွဲကြီး နွှဲတော့တာပါပဲ။ ပြိုင်ဘက် အသံချဲ့စက်တွေက ဇာတ်စကား၊ ကျမ်းစကား၊ ရပ်ရှင်စကား၊ ပြဇာတ်စကား၊ သံချပ်မျိုးစုံနဲ့ ဌာန်ကုန်ဟန်ကုန် လက်နက်ရယ်မျိုးစုံအဖြစ် အနီးပစ်၊ အဝေပစ်၊ ဝှေ့ယမ်းပစ်ခတ်လိုက်တာ။ ဟုတ်ပါတယ်ဗျာ၊ ကိုဘိုရေ ‘ကမ္ဘာမြေမဟီတောင် ကွဲလောက်ပါရဲ့’။ တဘက်ကျော့ဘုရားပွဲဟာ ဝတ္ထုရဲ့ (Climax) အထွတ်အထိပ်ပေ့ါ။ ကိုဘိုဟာ ဒီမှာတင် ဝတ္ထုကို ဖြတ်ချလို့ရတာ ပေ့ါ။ ဒီလိုသာလုပ်လိုက်ရင် စာဖတ်သူ ဆတ်တင့်ငုံ့ ဖြစ်ကျန်ရစ်မယ်။ နို့ပေမယ့် ဝတ္ထုရဲ့ အဆုံးပိုင်မှာ (အောင်ကျော်တင့်လည်း လူထဲကလူပဲ၊ လောဘ၊ ဒေါသ၊ မောဟတွေရှိတာပေ့ါ။ မခံချင်စိတ်ရှိသလို လက်ကလေးကပါ လိုက်ချင်တာပေ့ါ။ ဒါပေမယ့် သူ့စိတ်ကိုထိန်းတယ်။ ဒေါသတွေကို ချုပ်တည်းရတယ်။ စိတ်အလိုလိုက်လို့ မဖြစ်ဘူး။ စိတ်အလိုလိုက်မိရင် မိသားစုနှင့်နေမယ်ဆိုပြီး သူဆောက်ချင်နေတဲ့ အိမ်ကလေးတစ်လုံး ဘယ်ဆောက်နိုင်တော့မှာလဲ) လို့ ရေးလိုက်တာဟာ (A Very Rational and Beautiful Anti-climax) အလွန်လှပပြီး ဆင်ခြင်တုံတရား အားကောင်းတဲ့ အထုံးဖြေဇာတ်သိမ်းခြင်းပါပဲ။ ဒါကြောင့် ဝတ္ထုရဲ့ (Theme) အာဘော်ဟာ ‘အရှိသဘာဝ’ မှ ‘အသိ’ သဘာဝသို့ပို့လိုက်ခြင်းပါ။

အဲဒီ ဝတ္ထုရဲ့ ရည်ညွှန်းချက်ကို စာရေးသူက လူတွေရဲ့ အပြန်အလှန် မေတ္တာ၊ လူတွေရဲ့ အပြန်အလှန်ဒေါသနဲ့ တုန့်ပြန်မှု၊ နောက်ဆုံးမှာ အမှန်တရားသစ္စာနဲ့ ချုပ်လိုက်တာမို့ (Comprehensive Theme) ပြည့်စုံတဲ့ ရည်ညွှန်းချက်လို့ ကျွန်တော်ဆိုချင်ပါတယ်။ ဝတ္ထုလတ်သာဖြစ်ပေမယ့် ဝတ္ထုကြီးရဲ့ အားလောက်ကိုရှိပါတယ်။

ဒုတိယအနေနဲ့ ဝတ္ထုရဲ့ (Setting) နောက်ခံအကြောင်း ပြောပါရစေ။ နောက်ခံကို ရွာစုတွေပေါ်မှာ တည်ထားတည်လို့ ဆိုနိုင်ပါတယ်။ ဇာတ်ကောင် အောင်ကျော်တင့်ဟာ အနောက်ရိုးမတောင်တန်းကြီး အခြေကရွာတွေ၊ ချောင်းတွေကိုဖြတ်ပြီး သင်ကျုံးရွာ၊ ကွမ်းတောရွာ၊ ခရမ်းစင်ရွာ၊ ကျောက်ဆစ်ရွာတွေဆီ လှည့်လည်သွားလာနေတာရယ်၊ တခြားစက်သမားတွေရဲ့ ရွာတွေကိုပါ ဖော်ပြထားတာ ရပ်တကာ၊ ရွာတကာကို နောက်ခံပြုထားတာမို့(Panoramic Setting) မြင်ကွင်းကျယ်ကြီးတစ်ခု ယူထားတာပါ။။ တချို့ဝတ္ထုတွေလို တစ်နေရာ နှစ်နေရာ အဓိကထားပြီး နောက်ခံယူထားတာ မဟုတ်ပါ။ (Global Realm) ကမ္ဘာ့ခွင်ရဲ့ ကျယ်ပြန့်မှုမျိုးလို၊ (Local Realm) ဒေသခံနယ်ပယ်တွေကို ဆွဲဆန့်ပြလိုက်တာ (Global) နဲ့ (Local) ပေါင်းပြီး Globalization လို့တောင်တင်စားလိုက်ချင်ပါ့။ ဝတ္ထုရဲ့ (Strength) အားအင်ကို နောက်ခံအခင်းအကျင်းကစပြီး ကိုဘို အားပြုထားတာ တွေ့ရပါတယ်။

တတိယအနေနဲ့ ဝတ္ထုရဲ့ (Plot) ဇာတ်ကွက်အကြောင်းပါ။ နောက်ခံ အခင်းနဲ့ညီအောင် ကိုဘိုက တောသူတောင်သား၊ ရွာသူရွာသားတွေရဲ့ လူနေမှုဘဝနဲ့ ကုန်ထုတ်လုပ်မှုဘဝတွေကို ဗဟိုပြုထားပါ့။ ယာခုတ်လယ်လုပ်သူတွေအဖို့ ရာသီဥတုမျှတပြီး အသီးအနှံတွေပေါပါမှ အလှူအတန်း၊ မင်္ဂလာဆောင်တွေ စည်ကားနိုင်မယ်။ ဘုရားပွဲကျင်းပနိုင်မယ်။ အဲဒီ မှာ အသံချဲ့စက်တွေနဲ့ ဟန်စုံ၊ ဌာန်ကုန် နွဲ့ပျော်ပုံတွေ မြင်ရ၊ ကြားရတာ နဲ့ တဂကြီးပါပဲ။ 'ကမ္ဘာမြေ မဟီတောင်ကွဲလောက်ပါရဲ့' ဝတ္ထုတစ်ခုလုံးရဲ့ ဇာတ်ကွက်က ကျောက်ဆစ်ရွာ၊

တဘက်ကျော့ဘုရားပွဲပါပဲ။ ရုပ်ရှင်စကားနဲ့သုံးရင်း (Cinemascope) တကယ့်ကို မြင်ကွင်းကျယ်ကြီးပါဗျာ။ ရွာပေါင်းစုံက လှည်းအစီး ၅၀၀ နဲ့ အားခဲလာတဲ့ ရွှေပွဲလာတွေကို အဲဒီ ဘုရာပွဲမှာ ဆုံစည်းပေးလိုက်တာလေ။ လယ်သမား၊ ယာသမား၊ လှေသမား၊ လှည်းသမား၊ ပွဲစား၊ အငှားလိုက်၊ အရောင်းသမား၊ အဆိုအက၊ အတီးသမားစသဖြင့် အလွှာပေါင်းစုံက လူတွေကို ကျောက်ဆစ်ရှာ မနုဿဇာတ်စင်ကြီးပေါ် တင်ထားပါတယ်။ ဘုရားပွဲမှာ အာဆီယံဘီအီနဲ့ မန်ချက်စတာကွမ်းယာဆိုင် အပါအဝင် ဈေးတန်းကြီးကလည်း ကမ္ဘာ့ကုန်စည်ပြပွဲအလား။ အင်မတန်ကျယ်ပြန့်တဲ့ အခင်းကြီး၊ အင်မတန် ထူထပ်တဲ့လူတွေ၊ အင်မတန်စုံလင်တဲ့ အပြင်အဆင်တွေနဲ့ ဝတ္ထုရဲ့ Plot ကလည်း ခေါင်းစဉ်နဲ့ ကိုက်လှပါဘိ။

စတုတ္ထအချက်ကတော့ (Character) ဇာတ်ကောင်ကိစ္စပါပဲ။ အဓိကဇာတ်ကောင်က တစ်ယောက်တည်းပါ။ စက်ဆရာအောင်ကျော်တင့်။ အဓိကဇာတ်ကောင်ကို သာမန်လူ အဖြစ်တည်ထားတာပါ။ မိသားစုနဲ့ အတူနေဖို့ အိမ်ကလေးတစ်လုံးရဖို့အတွက် စက်ဆရာ ဘဝအဖြစ် လှုပ်ရှားသွားလာနေသူ။ သူ့ကို အရပ်ရပ်က မေတ္တာထားပုံနဲ့ သူ့ရဲ့ခံစားရပုံတွေကို ရိုးရိုးရှင်းရှင်းပါးပါးချပ်ချပ်ကလေး ရေးပြသွားပါတယ်။ များသောအားဖြင့် ဝတ္ထုတွေမှာ အဓိကဇာတ်ကောင်တွေကို အထူးတည်ပြီး ဝတ္ထုကို သယ်ဆောင်သွားပါ့။ ဇာတ်ကောင်ကို အဓိကအားပြုပြီး ရေးတဲ့ဝတ္ထုတွေများပါတယ်။ ကိုဘိုဝတ္ထုက ဒီလိုမဟုတ်ဘူး။ အဓိကဇာတ်ကောင်ထက် အရန်ဇာတ်ကောင်တွေအပေါ် အားပြုထားတယ်။ လူပေါင်းစုံရဲ့ တွေးတောခံစားမှု၊ ဘဝနဲ့ဆန္ဒတွေကို အလိုက်သင့် ဖော်ပြရင်း (Colourful Characters) ဇာတ်ကောင်စုံသွားတယ်။ ဒါမှလည်း မြေမဟီတောင်ကွဲလောက်ပါရဲ့ မဟုတ်လား။ ဝတ္ထုရဲ့ အာဘော်၊ နောက်ခံ၊ ဇာတ်ကွက်တွေနဲ့ အားမျှအောင် အဓိကဇာတ်ကောင်ပေါ် ပုံမထားပဲ ဇာတ်ကောင်စုံနဲ့

ပုံလောင်းထားပါတယ်။

ပဋ္ဌမအပိုင်း (Description) သရုပ်ဖော်မှု။ အဲဒီ အပိုင်းမှာတော့ ကျွန်တော် ကိုဘိုရဲ့ စွမ်းပကားကို အထူးနှစ်ခြိုက်အားကျမိတယ်ဗျာ။ ဖတ်ရင်း ကျွန်တော်မြင်လိုက်တာက ဝတ္ထု တစ်ခုလုံးကို Clarity (ကြည်လင်ပြတ်သားမှု)၊ Creativity (ဖန်တီးနိုင်စွမ်းရှိမှု) နဲ့ Craft (အတတ်ပညာကျွမ်းကျင်မှု) တွေနဲ့ တည်ဆောက်သွားတာပါပဲ။ “C” သုံးလုံးပေါ့ဗျာ။ ကျေးလက် တောသဘာဂမှာ ရွာသူရွာသားတွေရဲ့ နောက်ခံဘဂနဲ့ စရိုက်တွေကို တစေ့တစောင်း ဖော်ပြရာမှာ ပီပြင်ကြည်လင်စွာ ပုံပေါ်ပါတယ်။ ကောင်းဆိုးခံစားမှုတွေကို အရှိအတိုင်း ဖော်ပြရာမှာလည်း ဖတ်သူကို ထပ်တူခံစားနိုင်အောင် ရေးသွားပါတယ်။ ဇာတ်လမ်းရဲ့ ဇာတ်ရှိန် Tempo မှာလည်း တငွေ့ငွေ့ တလူလူကနေ ပွက်ပွက်ဆူတဲ့အထိ မြှင့်သွားနိုင်ပါတယ်။ ဇာတ်ကောင်၊ ဇာတ်ခင်းက စီးဆင်းလာတဲ့အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ စိတ်အခြေတွေဟာ စာဖတ်သူရဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ထဲကို အတားမရှိ တိုးဝင်လာပါတယ်၊ ဒါတွေအားလုံးဟာ ဘာကိုပြနေသလဲဆိုရင် စာရေးသူရဲ့ သဘာဂကျကျ၊ ထိထိရှရှ ဖန်တီးနိုင်စွမ်းရှိမှုပါပဲ။ စာဖတ်ရင်း ကိုဘို တို့သွားတာ၊ ပုတ်သွားတာ၊ လှုပ်သွားတာ၊ ခါသွားတာ၊ ခတ်သွားတာ၊ ဖြင်းသွားတာတွေကို မြင်မိခံစားမိပ့ါ။ သာဓကစာကြောင်းလေးတွေ ထုတ်ပြချင်ပေမယ့် ကျမ်းပြုနေတာမဟုတ်တော့ ဒီလောက်မျှဆိုပါရစေ။ သာမန်စာရေးတာ မျိုးမဟုတ်ပဲ Exceptional Description ထူးခြားသီးခြားစွာ ဖော်ပြနိုင်တာဟာ ဖန်တီးနိုင် စွမ်းအားကြောင့်ပါပဲ။

ကိုဘိုရဲ့ ဖန်တီးနိုင်စွမ်းကို ဘယ်မှာအထင်ရှားဆုံးမြင်လိုက်သလဲဆိုတော့ နဂိုရှိပြီးသား ပင်ကိုယ်အစွမ်း (Talent) အပြင် အတတ်ပညာ (Craft) ပေါင်းထည့်လိုက်ခြင်းပါပဲ။ ဝတ္ထုကို လက်တစ်လက်တည်းနဲ့ ရေးနေတာမဟုတ်ပဲ လက်ပေါင်းများစွာနဲ့ ဝိုင်းရေးနေသလိုပါလား။ အသံချဲ့စက်တွေကဖွင့်သမျှ သီချင်း၊ ဇာတ်ထုပ်၊ ရုပ်ရှင်၊

ပြဇာတ်၊ သံချပ်စကားနဲ့ စာသား တွေဟာ စာရေးဆရာရဲ့ လက်ရာကို ပိုပြီးပီပြင်ပေါ်လွင်ထိမိစေပါတယ်။ သူ့နေရာနဲ့သူ အချိတ်အဆက်မိမိ စပ်ဟပ်သွားတာ အတတ်ပညာ (Craft) တစ်ရပ်ပါပဲ။ ဖတ်ရသူရဲ့ဘဝကို နူးနူးညံ့ညံ့ကိုင်တွယ်သလို၊ တက်ကြွစေသလို တစ်ခါတစ်ခါမွှန်းကျပ်စေပေါ့။ ခြုံပြောရမယ်ဆိုရင် စာရေး ဆရာရဲ့ ကျွမ်းကျင်ပိုင်နိုင်ခြင်း (Mastery) ကိုဖော်ပြသွားပါတယ်။

ဆဋ္ဌမအချက် (Style) စာရေးသူရဲ့ဟန်ပါ။ အထူးပြောစရာမရှိပါဘူး။ အရေးအသားကို သွက်စေတာက စကားပြောဟန်နဲ့ ရေးထားခြင်းပါ။ ဖတ်ရသူအဖို့ ရှောရှောရှူရှူနဲ့ ဖတ်သွားနိုင်စေပါတယ်။

သတ္တမတင်ပြလိုတာကတော့ (Form) ပုံစံပါပဲ။ ဒီအပိုင်းမှာ ကျွန်တော့်အမြင်၊ ကျွန်တော့် ခံစားမှုကိုပဲ အခြေခံပြီး ပြောလိုတာပါ။ ဝတ္ထုတွေဖတ်ရင်းဖတ်ရင်း ဝတ္ထုတွေရဲ့ ပုံပန်းသဏ္ဌာန်၊ ပုံစံကို ပုံဖော်မိသလိုပါပဲ။ တချို့က ဝတ္ထုတည်ဆောက်မှု မြင့်မြင့်ပြီးတက်သွားသလို ဒေါင်လိုက် ပုံစံ၊ တချို့ကျတော့ အတက်ပိုင်းနည်းပြီး စင်းစင်းပြီးသွားနေသလို အလျားလိုက်ပုံစံ၊ တချို့ကဝိုက်ဝိုက်ပြီးသွားနေတာမို့ စက်ဝိုင်းပုံစံ၊ တချို့က ဇာတ်ကွက်အချိုးအဆစ်ကိုလိုက်ပြီး ကွေ့ကောက်ပုံစံ စသဖြင့် ဝတ္ထုအသွား၊ ဝတ္ထုအရှိန်ကိုလိုက်ပြီး ပုံစံတွေပေါ်နေသလိုပါပဲ။ ကိုဘို အခုရေးတဲ့ဝတ္ထုပုံစံဟာ တဘက်ကျော့ဘုရားပွဲ (Climax) ဆီပို့ဖို့ အခင်းအကျင်းတွေကို ဝိုက်ဝိုက်ပြီး ချီလာတာ။ ဇာတ်နောက်ခံဇာတ်ကွက်တွေကို သိုင်းသိုင်းဝိုင်းဝိုင်းနဲ့ ဖွဲ့ယှက်လာပြီး တဘက်ကျော့ဘုရားပွဲကို စက်ဝိုင်းရဲ့ ဗဟိုပစ်မှတ် Target အဖြစ် ထည့်ထားသလို မြင်မိပါတယ်။ ရစ်ရစ်ပြီးပစ်မှတ်အလယ်ဆီသွားနေတာမို့ စက်ဝိုင်းပုံစံအဖြစ် တည်ထားသလို မြင်မိပါတယ်။

ဆဋ္ဌမအချက်ကိုတော့ ဝတ္ထုတစ်ခုလုံးအပေါ် သုံးသပ်ချက်အဖြစ် တင်ပြချင်ပါတယ်။ ဝတ္ထုပုံစံထက် (Account) ဖြစ်ရပ် မှတ်တမ်းတင်ပုံစံဘက် များနေပါတယ်။ အာရုံငါးပါးကို တုန်ခါသွားအောင်ရေးနိုင်တာမို့

အားကောင်းတဲ့လက်ရာ၊ အသံချဲ့စက်နဲ့စကြေ၊ နောက်ကြေ၊ တိုက်ခိုက်ကြတဲ့ ပွဲဟာ တဖြေးဖြေး အရှိန်မြင့်ပြီး ပွဲကြမ်းလာတာမို့ ထဘီတိုတိုပြင်ဝတ်၊ ပုဆိုးတိုတိုပြင်ဝတ်၊ မျက်နှာသွေးရောင်လွှမ်း၊ တောက်တစ်ခေါက်ခေါက်ဖြစ်ပြီး ဝါးရင်းတုတ် ဆွဲသူဆွဲမို့ ပေါက်ကွဲမယ့်အခြေအနေ ရောက်သွားတယ်။ ဘုရားပွဲဂေါပကတွေ၊ ရွာလူကြီးတွေနဲ့ ဆရာတော်တွေက ဖြန်ဖြေယူရတဲ့အထိ ဇာတ်လမ်းကို အမြင့်ဆုံး Climax ထိပို့လိုက်ပါတယ်။ ရေးဟန်၊ ဖွဲ့နွဲ့မှုနဲ့ ဇာတ်ကောင်ဇာတ်ကွက်တွေကို ပီပီပြင်ပြင် ဟန်ချက်ညီညီရေးနိုင်တာမို့ အားကောင်းတဲ့ရေးဟန်ဖြစ်ပြီး စာဖတ်သူကို ညှို့ငင်ဆွဲခေါ်သွားပေ့ါ။ ဖတ်လည်းပြီးရော စာဖတ်သူနားထဲအူပြီး မျက်စိနောက်ကျန်ခဲ့အောင် လှုပ်ရှားစေတဲ့ဝတ္ထုပါပဲ။

ကိုဘိုရေ၊ အင်္ဂါဂြိုဟ်သားတစ်ယောက် ပန်းကန်းပြားပျံက ပြုတ်ကျပြီး တဘက်ကျော့ ဘုရားပွဲခင်းထဲ ကျလာရင် နှာနှပ်ပြီး ထမ်းစင်နဲ့ ပြန်တင်ရမယ့်ကိန်းပါပဲ။ ဒါပေမယ့် ဆွဲအားကောင်းတဲ့ မြင်းကွင်းကြောင့် ဒီအင်္ဂါဂြိုဟ်သားဟာ နောက်တစ်ခေါက် ပြန်လာချင်မှာ မုချပဲ။ အဲဒီ လောက်ကောင်းပါတယ်ခင်ဗျား။

**မုဒိတာဖြင့်...**

*

မဝေ...

နားတွေအူ၊ မြင်ကွင်းတွေရှုပ်၊ ရင်ထဲမှာဘောင်ဘင်ခတ်သွားအောင် ကိုင်လှုပ်လိုက်တဲ့ ညီပုလေးရဲ့ “ကမ္ဘာမြေမပဟီတောင် ကွဲလောက်ပါရဲ့” အညာဝတ္ထုကိုဖတ်ပြီး မဝေရဲ့ “ညှံ့သက် ပြေလွင် လှိုင်းကလေးသင်”

ဝတ္ထုဆက်ဖတ်လိုက်ပါတယ်။ နေပူထဲမှာ အရိပ်ထဲ ရောက်သွား သလိုပါလား။ စစချင်းပဲ ဝတ္ထုနဲ့တူတဲ့ ဝတ္ထုကိုတွေ့လိုက်ရပါပြီ။ နိဒါန်းချီပဲ ဇာတ်ကောင်တွေရဲ့ စကားပြောနဲ့ ဇာတ်ကွက်ထဲ တန်းပို့လိုက်ပုံဟာ ဝတ္ထုကို မြန်မြန်ဆန်ဆန် သွက်သွက် လက်လက်နဲ့ အသက်သွင်းလိုက်တာပါပဲ။

ညီပုလေးဝတ္ထုမှာ စတုန်းက ဝတ္ထုရဲ့အင်္ဂါရပ်တွေကို အခြေခံပြီး ပိုင်းခြားစိတ်ဖြာ (Analysis) ပုံစံနဲ့ ကျွန်တော်စိစစ်တင်ပြခဲ့ပါတယ်။ သူ့ဝတ္ထုမှာ ချထားတဲ့အကွက်တွေကိုက ခပ်စိပ်စိပ်မို့ ပဆစ်ကွက်လေးတွေနဲ့တူပ့ါ။ မဝေရဲ့ ဝတ္ထုကတစ်မျိုး။ အဝေးကို အရှိန်နဲ့ လိမ့်ပြေးသွားတဲ့ လှိုင်းလိုဆန့်ထားတယ်။ ဒါကြောင့် ဝတ္ထုအသွားကိုလိုက်ပြီး တချို့နေရာမှာ ခြုံငုံ၊ တချို့နေရာမှာ စိစိစစ်စစ်တင်ပြသွားပါမယ်။

ရုတ်တရက်အမြင်အားဖြင့် မဝေဝတ္ထုဟာ မေတ္တာသော်လမ်း (Romance) ကို ရှေ့ရှုထား တဲ့ ဝတ္ထုလို့ထင်စရာပါ။ မဟုတ်ပါဘူး။ ဝတ္ထုရဲ့ ဦးတည်ချက် (Theme) ကို တောက်လျှောက်သယ်ဆောင်သွားနေတာမို့ ကြားမှာဖြစ်ပျက်ပြောင်းလဲမှုတွေက သဘာဝ အလျောက် သူ့သဘောသူ ဆောင်သွားပေမယ့် ဦးတည်ချက်ကို မသွေဖီဘဲ ဆုံးခန်းတိုင် ဖော်ပြသွားပ့ါ။ မိဘနဲ့ ကင်းကွာပြီး ဝေးလံခေါင်ဖျားအရပ်တစ်ပါးမှာ ခက်ခက်ခဲခဲသွား အလုပ်လုပ်ကြတဲ့ မိန်းကလေးငယ်သုံးဦးရဲ့ ဆန္ဒနဲ့ ရပ်တည်ချက်တွေကို ဖောင်းပေးပြီး ရေးသွားတာမို့ ဦးတည်ချက်ခိုင်မာတဲ့ ဝတ္ထုလို ရဲရဲဆိုနိုင်ပ့ါ။

ဇာတ်ကောင်ကို ရွေးချယ်ရာမှာလည်း အဓိကဇာတ်ကောင် ‘စိုး’ ပေါ်မှာသာ ပုံမထားဘဲ တွဲဖက်ဇာတ်ကောင် ညွှန့်ညွှန့်နဲ့ မေနီတို့ကိုပါ ဟန်ချက်ညီရုံထားတာမို့ Parallel Character ပြိုင်တူဇာတ်ကောင်အဖြစ် အရွေးကောင်းထားတာပါ။ ဒီအပြင် မိန်းကလေးသုံးယောက်စလုံး မိဘနောက်ခံအင်အား မတောင့်တင်းကြ၊ ဝေးလံဒေသမှာအလုပ်သွားလုပ်တာကို မိဘတွေ သဘောမတူကြ၊ သုံးယောက်စလုံး မြိတ်မြို့နဲ့ လှမ်းတဲ့ကျေးရွာမှာ

ဆွဲခန့်ဆရာမဖြစ်ဖို့ ကြိုးစားပုံတွေ တူညီပေမယ့် စရိုက်မတူတာလေးတွေ မဝေ ဖော်ပြသွားတာဟာ စိတ်အရောင် စုံပ့ါ။ တစ်ယောက်က နည်းနည်းတင်းစီး၊ တစ်ယောက်ကအငိုလွယ်သူ၊ တစ်ယောက်က ခံပြင်းတတ်ပုံ စသဖြင့်။ ဘာပဲဖြစ်ဖြစ် တစ်လှေတည်းစီး တစ်ခရီးတည်းသွားနေကြသူမို့ စည်းလုံးမှုရှိပုံကို ဂရုပြုထားပါတယ်။

အစိမ်းသက်သက် ခရီးကို မုန့်ကုလားမည်းရောင်းတဲ့ သူစိမ်းအိမ်မှာ ခေတ္တစခန်းချ၊ အနေကျပ်အစားကျပ်ရတဲ့အပြင် မိန်းကလေးသုံးဦးကို မဖွယ်မရာ ရိုင်းစိုင်းပြလိုက်တဲ့ အိမ်ထောင်သည်ကိုမြင့်လွင်ရဲ့ လုပ်ငန်းပြ အခန်းဟာ ဝတ္ထုရဲ့ ပထမဆုံး Climax အထွတ်အထိပ်လို့ ဆိုနိုင်ပါတယ်။ နဂိုကမှ ကရုဏာသက်စရာ မိန်းကလေးတွေရဲ့ ဘဝကို ဒီပုံစံနဲ့ မိုးမှောင်ကျပြလိုက်တာ… ဘယ်လိုပြောရမလဲ… စာရေးသူရဲ့လှချည်လားလို့ ဆိုရမယ်။ ဒါပေမယ့် မဝေက သပ်သပ်ရပ်ရပ်လေး ကိစ္စကို ဂယက်မထစေဘဲ ပြီးပြတ်စေတာမို့ တော်လှပ့ါ။

နောက်တစ်ခါ မိန်းကလေးသုံးယောက်ကို စီးပွားရေး တောင့်တင်းတဲ့ ဆိုင်သုံးခန်းပိုင်ရှင် ဒေါ်ရွှေကြည်ဆီ ပို့လိုက်တော့ စေတနာမိုးတွေ ရွာပြတာမို့ ကလေးမတွေအတွက် ကံကောင်းပေ့ါ။ သို့ပေမယ့် စူဇကာစစ်ဆင်ရေးကြောင့် ဒေါ်ရွှေကြည်ခင်ပွန်း ဦးခင်မောင်ထွန်း အဖမ်းခံလိုက်ရပြန်တော့ ကလေးမတွေကို ချည်ထားတဲ့ ကြမ္မာကြိုးကို ဒုတိယအကြိမ် တုပ်ဆွဲလိုက်သလိုပဲ။ ဝတ္ထုအရှေ့ပိုင်းလေးမှာပဲ မဝေက သည်းထိတ်ရင်ဖို (Suspense) တွေလုပ်ထားတာမို့ စာဖတ်သူကို အစောပိုင်းကတည်းက ခါလှုပ်ထားပြီး။ ကရုဏာဇာတ်ကောင် တွေအပေါ် ရင်တမမနဲ့ ကြည့်ခိုင်းထားပါကလား။ ဝတ္ထုရဲ့ ဆွဲဆောင်မှုအင်္ဂါတစ်ရပ်က Suspense ပါပဲလေ။

ဒီဝတ္ထုရဲ့ (Background) နောက်ခံနဲ့ (Plot) ဇာတ်ကွက်တွေ တည်ဆောက်ရာမှာ သဟဇာတဖြစ်ရုံမက ဒေသန္တရဗဟုသုတတွေ ပေးသွားပါတယ်။ အထူးသဖြင့် ဒေသသုံး စကားတွေပဲ။ မဝေက မြိတ်သူမြိတ်သားတွေရဲ့ စကားကို

ဇာတ်ကောင်စိုးနဲ့ ရင်းနှီးစေပြီး အလုပ်လုပ်တဲ့ ကျေးရွာအနေအထားနဲ့ အသားကျအောင် ဖန်တီးပေးသွားပါတယ်။ ယင်ဖိုမသန်းခဲ့ဖူးတဲ့ လက်ဟာ ကောက်စိုက်၊ စပါးရိတ်၊ ခနိုခုတ်လက်ကြမ်းကြီးတွေကို အားထားရတဲ့အထိပဲ။ ဆွဲခန့်ဆရာမရဲ့ ဘဝအဖြစ် ပန်းလက်ဆုံရွာ ရောက်သွားတဲ့စိုးရဲ့ဘဝကို ဝတ္ထုရဲ့ (Theme) ရည်ရွယ်ချက်နဲ့ ကိုက်ညီအောင်( Adaptability) လိုက်လျောညီထွေပြုနိုင်မှုနဲ့ စာရေးသူကဖေးကူခေါ် ဆောင်သွားပါတယ်။ ပွဲမလန်းစေခဲ့ပါဘူး။

ပိုပြီး အဆင်ပြေသွားအောင် ဇာတ်ကောင်စိုးကို မြိတ်မြို့သကေတပိုင်းက ဖွားချမ်းလုံတို့ မိသားစုနဲ့ ဆုံပေးလိုက်ခြင်းပါ။ ဖွားချမ်းလုံရဲ့သမီး ကြိုင်ကြိုင်၊ မြိုင်မြိုင်တို့က ဆရာမတွေမို့ စိုးအတွက် ပိုပြီး အဆင်ပြေသွားပါတယ်။ ဖွားချမ်းလုံအပြင် ညီမဖြစ်သူ ဖွားအေးပါ ဖြည့်ထားတော့ နွေးထွေးတဲ့အသိုက်အဝန်းထဲ စိုးရောက်သွားပ့ါ။ ရှေ့မှာ ဖော်ပြမယ့် စိုးနဲ့ ဖွားချမ်းလုံးရဲ့သား မင်းယဉ်လတ် (လတ်လတ်) တို့ မေတ္တာဇာတ်လမ်းတွေအတွက် ဒီအကွက် တွေမှာ စာရေးသူက ယဉ်ယဉ်လေး ပန္နက်ရိုက်ထားပ့ါ။ ညွန့်ညွန့် နဲ့မေနီတို့ကို Parallel Character အဖြစ် မဝေလိုက်ဖက်ညီစွာ အားပြုထားပါတယ်။ ဇာတ်လမ်းဇာတ်ကောင်နဲ့ ဇာတ်ကွက်တွေကို အံကိုက်အောင် လုပ်ထားနိုင်ပ့ါ။

ဝတ္ထုရဲ့ ထူးခြားမှုအပိုင်းကို ကျွန်တော်နှစ်ခြိုက်စွာတွေ့လိုက်ပ့ါ။ တခြားမဟုတ် (Creativity) ဖန်တီးနိုင်စွမ်းအားအပိုင်းပါပဲ။ စိုးတို့တတွေ ဆွဲခန့်ဖို့လုပ်ရာမှာ ဘာသင်တန်း မှတက်ခဲ့ရ၊ ဘွဲ့မရသေး။ ဆရာမလုပ်မယ်လို့ ရည်ရွယ်ပေမယ့် ကလေးတွေနဲ့ ရင်းနှီး ထိတွေ့မှုမရှိ။ စိုးအဖို့ခိုကိုးရာအဖြစ် ရွာလူကြီးလင်မယားနဲ့ သမီးလေးတစ်ယောက်သာ ရှိတဲ့အိမ်မှာနေရ။ ဆရာမအတွက် စားစရိတ်ကို သမဝါယမဆီ စာအုပ်ကတစ်အုပ်ကို ငွေတစ်ဆယ်ဖြတ်မယ့်ကိစ္စ ရွာကလူတွေ မကျေနပ်ကြနဲ့ အခက်အခဲကြားက အလုပ်ကို လုပ်ဖို့မလွယ်ကူပါ။ တစ်ကျောင်းလုံးမှာ ဆရာကြီးနှင့်

စိုးနှစ်ယောက်တည်း တာဝန်ယူ၍ ရပြီး အတန်းတွေခွဲပြီး သင်ရ။ စာသင်ရာမှာ စိုးအသံကိုကလေးတွေနားလည်နိုင်ပေမယ့် စိုးကသူတို့အသံကို နားမလည်နိုင်၊ ဒေသအသုံးအနှုန်းတွေကလည်း မမှတ်မိနိုင်အောင် များပြားလှ၊ အဖြတ်အတောက်မတူညီကြမို့ စိုးအဖို့ ရွှေရင်ဆို့ စိုင်တမော့ မြိုင်တစ်ကျော့ကို ဆက်ရသလိုပဲလို့ စာရေးသူက တင်စားသွားပါတယ်။ ဒီအခက်အခဲကို အဗျာသင်ကြားမှုနဲ့ ကျော်လွှားသွားနိုင်တာ အလွန်လှတဲ့ဇာတ်ကွက်ပါပဲ။ ကဗျာကို အဓိကအားထားနိုင်ပုံ ဖော်ပြသွားတာပါ။ "လှေလှော်ရအောင်" ကဗျာနဲ့ "လေဝါးရုံလေကတိုး" ကဗျာရွတ်ဆိုခန်းမှာ ဆရာမနဲ့ကလေးတွေရဲ့ နုနုရွရွ၊ တက်တက်ကြွကြွ၊ လှလှပပအသွင်ကို ပတ်ဝန်းကျင်နဲ့ယှဉ်ပြီး သဟဇာတဖြစ်အောင် ဖန်တီးပြသွားပါတယ်။ အကူအညီပေးလိုက်တဲ့ သင်ထောက်ကူပစ္စည်းနဲ့ ပညာတန်ဆောင်အဟောင်းတွေ ရလိုက်တာဟာ စိုးရဲ့အလုပ်အတွက် အထောက်အကူရ စေပါတယ်။

စိုးရဲ့ ပထမအောင်ပွဲရလိုက်ပုံကို မဝေက အားရှိပါးရှိ ဖော်ပြလိုက်ပုံက "ကလေးတို့ လက်များကောင်းကင်ပေါ် ဆန့်တန်းကာ၊ ဝါးရုံမြေရွက်တို့ ယိမ်းနွဲ့မှုမျိုးဖြင့် လောကကြီးကို နှုတ်ဆက်သည့်အခါ ပန်းလက်ဆုံရွာမှ ပြတင်းကဲလားတို့ ပွင့်ဟလာလျက်၊ ကျောင်းသားဟောင်းများနှင့် ဆရာမအသစ်ကို အကဲခတ်အကဲဖြတ်ကြလေကုန်၏ ။ မကြာမီ စိုးရဲ့ ကဗျာများ တမန်တော်ကလေးတို့ သယ်ဆောင်ရာ မောင်းထောင်းရာ ပျိုးနုတ်ရာများသို့ လွင့်ဝဲရောက်သွားတော့၏ ။ ထိုအရာသည်ပင် စိုး၏ အောင်မြင်မှုဖြစ်ချေသည်" လို့ မဝေက ရေးဖွဲ့လိုက်တော့ ညီပုလေးရဲ့ အသံချဲ့စက်တိုက်ပွဲကြီးနဲ့ တပ်ပြန်ခေါက်ရတဲ့ အောင်ကျော်တင့် တို့ကို ပြန်လည်မြင်ယောင်ပြီး နှိုင်းယှဉ်မိလိုက်ပဲ့။

ကောင်းခန်းကိုသာရေးပြရုံမဖြစ် လိုအပ်နေတဲ့အရာကိုပါ ဖြည့်စွက်ပါရစေ… ကလေးတွေ စာသင်ကြားရေးကိစ္စမှာ စာရေးသူက ခြုံပြီးသာဖော်ပြသွားပါတယ်။ တစ်ဦးချင်းနဲ့ ဆက်ဆံရပုံ၊ ကလေးတွေရဲ့

နောက်ခံအကြောင်းအချို့၊ ကလေးတွေရဲ့ မိဘနဲ့ဆက်ဆံရေး စတာတွေကို အထိုက်အလျောက် ဖြည့်စွက်ဖော်ပြသွားနိုင်ရင် ဆရာမတစ်ယောက်ရဲ့ အဓိက ကဏ္ဍဖြစ်တဲ့ သင်ကြားရေးအပိုင်း ပေါ်လွင်သွားပါမယ်။
ဒီအပိုင်းဟာနေသလိုရှိပါတယ်။

ဒီဝတ္ထုကို (Romance) မေတ္တာက ဇာတ်လမ်းအဖြစ် မြင်တာထက် (Life) ဘဝ သရုပ်ဖော်ဝတ္ထုအဖြစ် ဖော်ပြတဲ့ အပိုင်းကများပါတယ်။ မဝေက Romance ဝတ္ထုအဖြစ် တာစူထားရင် သိပ်မပီပြင်ဘူးလို့ပဲ ကျွန်တော်ပြောချင်ပါတယ်။ စိုးနဲ့လတ်လတ်တို့ကို နီးစပ်ဖို့ ဖွားချမ်းလုံးတို့ စကားပို့စကားခေါ်တာကတော့ သဘာဝကျတာမို့ ပြောစရာမရှိပါ။ မြိတ်မြို့ကို တစ်ခေါက်ပြန်အလာမှာ စိုးနဲ့လတ်လတ်တို့ ပထမဆုံးအကြိမ်တဲ့ အခန်းမှာတင် ပြောစရာ ရှိနေပါပြီ။ အိမ်နောက်ဖေကျပ်စင်စွန်းမှာ ဆိုက်ကပ်ထားတဲ့ နေတက်တိုးစက်လှေအခန်းမှာ ဆုံမိ ကြတာပါ။ တစ်ယောက်အကြောင်းတစ်ယောက် တွင်တွင်ကြီး ကြားဖူးထားပြီမို့ စိမ်းတယ်လို့ မဆိုနိုင်။ ခဏလေးသာ တွေ့ဆုံလိုက်ရတဲ့အခန်း။ စိုးက အိမ်ထဲပြန်ဝင်ပြီး သူပေးထားတဲ့ ပြတင်းပေါက်ခန်းဆီကို လှစ်ကြည့်လိုက်တော့ လတ်လတ်က ပြုံးစစနဲ့ စိုးကိုကြည့်နေ။ (စိုးသည် ဘာကြောင့်မှန်းမသိ သူ့ကိုစချင်နောက်ချင်သည်နှင့် လျှာကလေးကို တစ်လစ်ထုပ်ပြလိုက်မိ၏ ။ ပြီးလျှင် ခန်းဆီးနောက်သို့ပြန်ဝင်ကာ ရင်ခုန်သံ ဒိတ်ဒိတ်ညံနေလေသည်) လို့ မဝေက ရေးထားတော့ ဆရာမလေးက ရင်ခုန်မြန်ပြီး လျှာတစ်လစ်ထုတ်ပြမြန်တဲ့ (၁၆) နှစ်သမီးလေးလို ဖြစ်မသွားဘူးလား။ နဂိုကမှ စိုးဟာ စိတ်ပြင်းထန်သူမို့ (Hyper Sensitivy) ထိကရုန်းမျိုး ဖြစ်နေရင်တော့ ဟုတ်မယ်။

(Romance Plot) မေတ္တာဇာတ်လမ်းရဲ့ ဇာတ်ကွက်အဖြစ် မထင်မှတ်ပဲ မဝေဇာတ်ကောင်အသစ်ထုတ်ပြလိုက်တာကတော့ ကောင်းပ့ါ။ လယ်တောရွာဇာတ်၊ ဓားပြမှုကျခဲ့တဲ့ ထောင်ထွက် အိုရီဆိုသူပဲ။ တိတ်ဆိတ်ငြိမ်သက်နေတုန်း ဗျောက်အိုးဖောက်လိုက် သလိုပါပဲ။ စိုးကအနွေးထည်ချုပ်ဖို့ ဖလန်နယ်စအပ်ထားရာ၊

အိုရီက ဖလန်နယ်အပိုစကို သူ့အင်္ကျီကော်လံထောင့်စွန်းနှစ်ဖက်နဲ့ လက်ဖျားနှစ်ဖက်ရှာ စပ်ချုပ်ပေးဖို့ စက်ချုပ်မလေးကို အတင်းခိုင်းခဲ့တဲ့ ကိစ္စက စိုးဘဝရဲ့ လုံခြုံမှုကို ခြိမ်းခြောက်လိုက်တာပါပဲ။ “အိုရီတစ်ယောက် ဆရာမလေးကို ခနိုတောစပ်က စောင့်ပြီးဆွဲမလို့ ချောင်းနေသတဲ့” စကားလုံးတွေဟာ စိုးကို လှန့်လိုက်ပါပြီ။ (ပညာတတ်ရှားပါသော ရွာမှာ ဆရာမလေးတစ်ယောက်ကို ရွာသား တစ်ယောက်ရဲ့ ပယောဂဖြင့် အပိုင်ရမည်ဆိုလျှင် ရပ်ရွာမှဂမ်းမြောက်ကျေနပ်မည့် သဘောထားများ သိရသည့်နေက စိုးသည် မိမိရပ်တည်နေရသည့်အနေအထားကို ပြန်လည်သုံးသပ်ဖို့ လိုအပ်လာပြီဟု နှလုံးပိုက်မိသည်) လို့ မဝေရေးလိုက်တာဟာ စိုးရဲ့ဘဝ တစ်ဆစ်ချိုးကို ဖန်တီးပေးလိုက်တာပါ။ အိုရီရွာကထွက်သွားပေမယ့် နောက်ထပ် ဒုတိယ အိုရီ... တတိယအိုရီတွေ မပေါ်နိုင်ဘူးဟု မဆိုနိုင်။ အဲဒီ အခါမှာ စိုးဟာ ဘာကြောင့်မှန်းမသိ ကိုလတ်မျက်နှာကို ပြေးမြင်နေမိသည်လို့ မဝေဆိုလိုက်တာဟာ မေတ္တာရဲ့ ပွင့်ဖူးစလို့ဆိုနိုင်ပါ့။ ပိုကောင်းတာက လတ်လတ်နဲ့အိုရီတို့ကို တစ်ကြိမ်လောက်ဆုံပေးသင့်ပါတယ်။ “ဆရာမလေး ကိုမရရင်နေပါစေ၊ ဖလန်နယ်စလေးပဲရရ” ပြောခဲ့သူအိုရီနဲ့ “စိုးကို မိုက်မိုက်ရိုင်းရိုင်းတွေ ကြံလိုက်မှာစိုးတယ်၊ ကျွန်တော်စိတ်မချဘူးဗျာ။ စိုးကိုလက်ထက်ပါရစေ။” ပြောသူလတ်လတ်တို့ ကိုုတစ်ကွေ့မှာ ပေးတွေ့လိုက်ဖို့ ကောင်းပါတယ်။ အဲဒီ (Clash) ထိပ်တိုက်တွေ့မှုကြောင့် (Romance Plot) ကို အမြင့်ဆုံးပို့ပေးနိုင်လိမ့်မယ်ထင်ပါ့။

မဝေဟာ ဒီဝတ္ထုကို မေတ္တာဇာတ်လမ်းအဖြစ် အဓိကအားမပြုဘူးဆိုတာ လတ်လတ်နဲ့ စိုးတို့လေဆိပ်ရှိ ကပ်ကြေးကိုက်ဆိုင်မှာ ပြောကြတဲ့ စကားအရ သိသာပါတယ်။ လတ်လတ်က ဌာနေရွာသားတွေရဲ့ ဘဝနဲ့ လုပ်ငန်း၊ စရိုက်စိတ်ထားအမှန်တို့ကို ပြောပြသလို စိုးက ဆရာမလေးတွေရဲ့ အလုပ်နဲ့ ရည်ရွယ်ချက်ကို ပြောပြနိုင်တယ်။ သူ့အနေလည်း သမရိုးကျဘဝကနေ ခွဲထွက်ပြီး လောကကြီးအတွက် ကောင်းကျိုးတစ်စုံတစ်ရာ ပြုလုပ်ချင်ကြောင်း၊

ကလေးတွေအတွက် နှစ်မြှုပ်ထားရတာ အဓိပ္ပါယ်ရှိတဲ့ရက်တွေဖြစ်ပြီး "လူကိုလူနဲ့တူအောင် ထုဆစ်ဖို့အတွက် ကျေးလက် ဆရာမတွေဟာ ဖွဲ့သတ္တိဆိုတဲ့ စူးဆောက်လက်နက်တွေကို အမြဲချွန်ထက်နေအောင် တသသသွေးနေရမယ်" လို့ စိုးပြောလိုက်ချင်းဟာ ဝတ္ထုတစ်ခုလုံးရဲ့ (Theme) ရည်ရွယ်ချက်တွေကို သက်သေထူလိုက်တာပါပဲ။ (Heart of the Novel) ဝတ္ထုတစ်ခုလုံးရဲ့ နှလုံးသားဟာ ဒီရည်ရွယ်ချက်နဲ့ လုပ်ဆောင်ချက်ပေါ်မှာ အခြေစိုက်ထားတာမို့ မေတ္တာဖွဲ့ ဇာတ်လမ်းမဟုတ်။

(Turning Points) ဝတ္ထုရဲ့ အကွေ့အပြောင်းတွေမှာ မဝေဟာ (Suspense and Struggle) သည်းထိတ်ရင်ဖိုမှုနဲ့ ရုန်းကန်မှုကို ဒွန်တွဲလေ့ရှိတယ်။ ဥပမာ နေတက်တိုး စက်လှေကြီးနဲ့ ရှင်မော်ကိုအဖြတ်မှာ ကြုံရတဲ့ အဖြစ်ဆိုးနဲ့ ပွဲနင်းဆရာတို့ရဲ့ ဉာဏ်ပညာ ပိုင်းတွေကို တိုတိုလေး ဖော်ပြထားပေမယ့် မဝေရဲ့ ပင်လယ်ဗဟုသုတ၊ ပင်လယ်သား ဘဝတွေကို(Professionalism) အသက်မွေးဝမ်းကြောင်း ရှုထောင့်ကရေးပြသွားနိုင်ပါတယ်။ ညီပုလေးက အညာတစ်ခွင်ရဲ့ သဘာဝနဲ့အနုပညာရသစုံကို ပြနိုင်ခဲ့သလိုပေါ့။ စာရေးဆရာတို့ဟာ ကိုယ်ပိုင်ရာနယ်မှာ ကိုင်တွယ်အားရှိပေါ့။

အခုဖော်ပြမယ့်ကိစ္စမှာတော့ ကျွန်တော့်စိတ်ထဲ သိပ်ဘဝင်မကျတာလေးတွေ ရှိပါတယ်။ စာရေးဆရာက ဖန်တီးထားတဲ့ စိုးရိမ်သဘောထား အချို့ပါ။ မေတ္တာရေးရာနဲ့ ပတ်သတ်လို့ပါပဲ။ မေနီအိမ်ထောင်ကျသွားတဲ့ ကိစ္စမှာ စိုးတော်တော်မကျေနပ်။ သာမန်သူရင်းငှားကို ရွေးချယ်ဖို့သင့်မသင့်။ သူငယ်ချင်းတွေနဲ့ မတိုင်ပင်ဘဲ မေနီတဇွတ်ထိုးဆုံးဖြတ်ခဲ့။ မိမိ အသိုင်းအဝိုင်းထဲရောက်လျှင် ဘယ်လိုအသက်မွေးမှုပြုမလဲ။ ရေရှည်မှာ ငါးပိတော၊ ဆားတောမှာ ပျော်နိုင်ပါ့မလား။ မေနီအတွေးတိမ်တယ် စသဖြင့် စိုးက အကျေနပ်ချက်တွေကို ညွှန့်ညွှန့်ဆီ စာရှည်ကြီးရေးခဲ့။ "အခြေခံမတူတဲ့ ဘဝနှစ်ခု ပေါင်းစပ်ရင် မခိုင်မြဲဘူးလို့ ဝတ္ထုတွေမှာ ရေးတတ်ပေမယ့် မေနီလိမ္မာပါးနပ်ရင်

အကိုင်အတွယ်ကောင်းရင် ခိုင်မြဲ အောင်မြင်တဲ့ အိမ်ထောင်ရေးဖြစ်မယ်” လို့ ညွှန့်ညွှန့်ရဲ့ပြန်ကြားချက်က အဓိကဇာတ်ကောင် စိုးရဲ့ အမြင်ကို ပယ်လှန်ခဲ့ပါတယ်။ နောက်တစ်ခါ ညွှန့်ညွှန့်က မူလတန်းကျောင်းအုပ် ဖြစ်သွားပြီ လက်ထောက်ဆရာတစ်ယောက်နဲ့ အိမ်ထောင်ကျတဲ့အခါ “ကိုယ့်လက်အောက်က လူကိုယူစရာလား ညွှန့်ညွှန့်ရယ်” လို့ စိုးကမကျေနပ်ပြြန်။ “ကျောင်းအုပ်နဲ့လက်ထောက် မယူရဘူးလို့ ဘယ်ပညတ်တော်ထဲမှာပါလို့လဲ” ဆိုတဲ့ ညွှန့်ညွှန့်ရဲ့ ခြေပချက်အမေးစကားဟာ စိုးဘဝင်ကျစေမှာမဟုတ်။ အဓိကဇာတ်ကောင်စိုးကို ပညာရေးမှာ ‘ချွန်’ ထားသလောက် မေတ္တာရေးမှာ ‘သဝေထိုး’ ထားသလား မေးစရာဖြစ်ပါတယ်။

(Anti-climax) ဇာတ်ရှိန်ကို လျှော့တဲ့အခါ စာရေးဆရာက ဇာတ်ကောင်ကို လှိုင်းလုံးကြားက ကမ်းခြေကို တဖြည်းဖြည်းပို့သွားပါတယ်။ မြိတ်မြို့မှာ စိုးလုပ်သက် နှစ်နှစ်ပြည့်ပြီး တိုင်းပြောင်းလျှောက်လို့ရခဲ့။ ဇာတိမှာမိခင်ဆုံးသွား။ အလယ်တန်းပြရာထူးနဲ့ သိမ်ဇရပ်ကိုပြောင်းရ။ မိခင်မရှိတော့ပြီမို့ တွယ်တာစရာမရှိ။ သိမ်ဇရပ်မှာ (၃) နှစ်ကြာပြီး မြိတ်မြို့နယ် အင်္ဂမော်ကျေးရွာအထက်တန်းကျောင်းမှာ အထက်တန်းပြဆရာမအဖြစ်ခန့်အပ်ခံရ။ ဖွားချမ်းလုံ၊ ဖွားအေးတို့နဲ့ ပြန်တွေ့ပြီး နောက်ဆုံးလတ်လတ်နဲ့ ပြန်ဆုံပေးလိုက်တာဟာ စောစောက ပြောခဲ့သလိုပါပဲ။ နိမ့်ရာကတစ်ဆင့်ပြီးတစ်ဆင့်မြင့်တက်ပေးလိုက်ပုံက ဇာတ်ကောင်တွေရဲ့ ဘဂရပ်တည်မှုဟာ မြို့ပြရဲ့ ပြောင်းလဲသွားတဲ့ စီးပွားရေးအခြေအနေထိ။ “ဟိုတုန်းက တစ်ဖက်နိုင်ငံ လူသုံးပစ္စည်းတွေနှင့် ရောင်းဝယ်ဖောက်ကားတွင်ကျန်ခဲ့သည့် မြို့ကလေးသည် ယခုတော့ ရေအောက်သယံဇာတတွေနှင့် ဦးမော့လာပြန်သည့် အနေအထား” လို့ ဆိုထားသည့်အတွက် မဝေက “ဇာတ်ကောင်လည်းမြင့်ဇာတ်ကွက်လည်းတင့်” အဖြစ် ဖန်တီးလိုက်ပါ့၊

(Description and Style) အရေးအသားဖွဲ့နွဲ့မှုနဲ့ ရေးဟန်ကိစ္စမှာ မဝေကို အထူး ပြောစရာမရှိ။ ကောင်းပြီးသားပါ။ "ကိုယ့်ရင်ခုန်သံစည်းချက်ကို ကိုယ်ဘာသာ ရေတွက်နေမိသည်။ တစ်ပြိုင်နက်ပင် စိုးကိုမြင်လျှင် ပြောင်းလဲဖြစ်ပေါ်လာမည့် သူ့မျက်နှာ အနေအထားကို မလွတ်တမ်း မှတ်တမ်းတင်ရန် နှလုံးသားကင်မရာကို အသင့်ထုတ်ချိန် လိုက်လေသည်" လို့ ဆိုလိုက်မှတော့ စာရေးဆရာရဲ့လက်ဟာ အဘယ်မျှ စူးလိုက်ပါဘိဆိုတာထင်ရှားနေပေါ့...။ ဒေသန္တရဗဟုသုတနဲ့ လူငယ်တို့ရဲ့ဘဝကို ကရုဏာရသ ပေါ်လွင်စွာနဲ့ ဖော်ပြနိုင်တဲ့ ဝတ္ထုကောင်းတစ်ပုဒ်ပါ။ ဝတ္ထုဆန်တဲ့ ဝတ္ထုလည်းဖြစ်ပေါ့။ ရုပ်ရှင်အသွင်နဲ့သာဆိုရင် ကားကောင်းကြီးတစ်ခုဖြစ်မှာမုချ။

**ကရုဏာဖြင့်...**

**မေတ္တာ၊ မုဒိတာ၊ ကရုဏာဖြင့်...**

**မိုးဟိန်း(သားဂျာနယ်ကျော်)**

*